# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 12 , 2022 Volume 61, Number 8


၁၂.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၈၈ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၅၇၀၀၀ |
| ဒေါ်လာဈေး | = ၂၈၂၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၃၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) သို့ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြား

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့၊ (၁၄:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၂) ၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်း အဝေး (၁/၂၀၂၂) သို့ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် စားသုံးသူကာကွယ်ရေးဥပဒေတွင် စားသုံးသူအခွင့်အရေး ၈ ရပ်ကို ပြဋ္ဌာန်းထားသော်လည်း ယနေ့ခေတ်ကာလနှင့်အညီ ပြောင်းလဲတိုးတက်နေသည်နှင့်အမျှ စားသုံးသူအခွင့်အရေးများသည် တိုးတက်ကျယ်ပြန့်မှုများရှိလာကြောင်း၊ စားသုံးသူအခွင့်အရေးများသည် တိုးတက်ကျယ်ပြန့်လာသကဲ့သို့ တစ်ဖက်တွင်လည်း စားသုံးသူများလိုက်နာရမည့်တာဝန်များသည်လည်း ကျယ်ပြန့်လာသည်ကိုတွေ့ရှိရပါကြောင်း၊ သို့သော်လည်း မိမိနိုင်ငံတွင် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူများ လိုက်နာရမည့် တာဝန်များကို စားသုံးသူအများစုကသိရှိခြင်း မရှိသေးသည့်အတွက် စားသုံးသူအသိပညာပေးရေးကိစ္စများကိုလည်း ကော်မရှင်အနေဖြင့် ဦးစားပေးကဏ္ဍအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းထားရှိပြီး ဥပဒေအရ ကော်မတီများကို လုပ်ပိုင်ခွင့်များအပ်နှင်းထားသဖြင့် အဆိုပါကော်မတီများအနေဖြင့် စားသုံးသူများနှင့် ထိတွေ့ဆက်ဆံမှု ပိုမိုများပြားသည်နှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီနှင့်အတူ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် လက်ရှိ ၂၀၂၂ ခုနှစ်တွင် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံကလွှဲပြောင်းတာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် စားသုံးသူအသိပညာပေးရေးကဏ္ဍအပါအဝင် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားအတွက် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သော အစီအမံများကို အခါအားလျော်စွာ ဖော်ထုတ်ဆွေးနွေးကြစေလိုကြောင်း ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စားသုံးသူတိုင်ကြားမှုများနှင့်စပ်လျဥ်း၍ အယူခံဝင်ရောက်မှုအပေါ် ဆုံးဖြတ်ရန်ကိစ္စများ၊ ကော်မရှင်ကအဆုံးအဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဥ်း၍ ကော်မရှင်အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေး၍ ဆုံးဖြတ်ချက်များချမှတ်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: commerce.gov.mm**

## အစိုးရအချင်းချင်း သဘောတူညီချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုအခြေအနေ

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G MoU အရ တန်းမြင့် (၅%) ဆန်တန်ချိန် (၂)သိန်း တင်ပို့နိုင်ရေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Food (Ministry of Food) နှင့် မြန်မာနိုင်ငံမှ Myanmar Rice Federation–MRF တို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ နှစ်ဖက်သဘောတူညီမှုအား (၈-၉-၂၀၂၂) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ သဘောတူညီမှု အစီအစဉ်များအရ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြီးကြပ်စီစဉ်ဆောင်ရွက်ခဲ့ရာ (၁၂-၁၂-၂၀၂၂) ရက်နေ့အထိ သင်္ဘော(၁၉)စီးဖြင့် စုစုပေါင်း ဆန်တန်ချိန် (၁၄၃၂၂၅)တန်ကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဆိပ်ကမ်းများမှ တင်ပို့ပြီးစီးကြောင်း သိရှိရပါသည်။

Source : MRF (Myanmar Rice Federation)

Myantrade

## ရုရှား-မြန်မာနှစ်နိုင်ငံပူးပေါင်း၍ အကောင်အထည်ဖော်မည့် နေပြည်တော်အတွင်းရှိ အပူစွမ်းအင်ဆိုင်ရာစီမံကိန်းနှင့် အသေးစားရေအားလျှပ်စစ်စီမံကိန်းနေရာများသို့ ရုရှားနိုင်ငံ ROSATOM မှ ကိုယ်စားလှယ်အဖွဲ့သွားရောက်လေ့လာ

ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ်အရ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် ROSATOM မှ ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း စီမံကိန်းလုပ်ငန်းနေရာများသို့ လေ့လာကြည့်ရှုခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံသို့ရောက်ရှိနေသော ရုရှား ဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation ROSATOM မှ ကိုယ်စားလှယ်အဖွဲ့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ စူးစမ်းလေ့လာရေးဌာနခွဲနှင့် ဘူမိဗေဒဌာနခွဲတို့မှ တာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိမြို့နယ် ဇီးရိုင်းကျေးရွာ၊ သစ်တော်ကျေးရွာအုပ်စု၊ ငါးတဲစုကျေးရွာ၊ ပေါင်းလောင်းရေလှောင်တမံအနီးရှိ မြေနေရာတို့ကို အပူစွမ်းအင်ဆိုင်ရာ စီမံကိန်းတို့နှင့်ဆက်စပ်သော ကျောက်သား Mechanic ဆိုင်ရာများလေ့လာခြင်း၊ ရေရရှိနိုင်မှု၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ... လေ့လာခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ သဘာဝ ပတ်ဝန်းကျင်အခြေအနေနှင့် လူမှုဘဝနေထိုင်မှုတို့ကို လေ့လာခဲ့ကြောင်းသိရသည်။

ထို့နောက် ပေါင်းလောင်းရေလှောင်တမံ၌ရေဝင်ရောက်မှု၊ တမံတည်ဆောက်ထားရှိမှုနှင့် တမံအမြင့်စသည်တို့ကို လေ့လာပြီး စီမံကိန်းတည်ဆောက်မည့်နေရာနှင့်ပတ်သက်၍ မြေနေရာရွေးချယ်ဆောင်ရွက်မှု၊ သက်ရောက်နိုင်မှုတို့ကို လေ့လာကြည့်ရှုခဲ့ကြောင်းသိရသည်။ ထို့ပြင် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လုပ်၍ ထွက်ရှိလာသော ရေများကို ဆက်လက်အသုံးပြုနိုင်ရန်အတွက် ဖြစ်နိုင်ခြေရှိသော အသေးစားရေအားလျှပ်စစ်စီမံကိန်းနေရာကိုလည်း လေ့လာကြည့်ရှုခဲ့ကြောင်းသိရသည်။

ယင်းနောက် ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံကာ လေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ အသေးစိတ် Seismic တိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် မိမိတို့ကပြုစု

ထားရှိသည့် တိုင်းထွာရရှိချက်များကိုလည်းကောင်း၊ လျှာထားစီမံကိန်းနေရာများ၏ လျှပ်စစ်မီးဓာတ်အားပြတ်တောက်မှု အခြေအနေများကို လည်းကောင်း၊ အသေးစားရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်းကောင်း အသေးစိတ် ဆွေးနွေးခဲ့ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်အတွက် ကျွမ်းကျင်ပညာရှင်များအဖွဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/241593

## ရွှေဈေးကွက်အတွင်း အဝယ်ထက်အရောင်းများနေပြီး ဈေးကွက်အေးနေသည်ဟု ရန်ကုန်ရွှေအသင်းဥက္ကဋ္ဌ ပြောကြား


https://news-eleven.com/article/241599

ရွှေဈေးကွက်အတွင်း အဝယ်ထက် အရောင်းများနေပြီး ဈေးကွက်အေးနေသည်ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောကြားသည်။ "အဝယ်ထက် အရောင်းက များနေပါတယ်ကွာ။ ဈေးကွက်က တော်တော်အေးနေတယ်။ ရွှေဈေးကလည်း နည်းနည်းကျတယ်"ဟု ဦးမျိုးမြင့်က ပြောကြားသည်။

ဒေါ်လာဈေးမှာလည်း အနည်းငယ်ကျဆင်းသဖြင့် ရွှေဈေးနှုန်းမှာလည်း အနည်းငယ်ကျဆင်းလာကြောင်း ဦးမျိုးမြင့်က ဆက်လက်ပြောကြားသည်။ ဒီဇင်ဘာ ၁၀ ရက်တွင် ဈေးကွက်အတွင်းဖြစ်ပေါ်ခဲ့သည့် ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆၆၅၀၀၀ ဖြစ်ကြောင်းသိရသည်။ ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းက ရန်ကုန်တိုင်းအတွင်းရှိ ရွှေဆိုင်များအနေဖြင့် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၅၃၀၀၀၀ နှုန်းဖြင့်ရောင်းချပေးရန် ပန်ကြားလွှာထုတ်ပြန်ထားသည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက်စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက် တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်ကြောင်းသိရသည်။

ရွှေဈေးနှုန်းသည် ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်း ကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ တွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့် တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

**Source:** https://news-eleven.com/article/241599

## ပြည်တွင်းထုတ် အဝတ်အထည်များကို ပြည်သူလူထု ပိုမိုသုံးစွဲလာနိုင်ရေး ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သည့် အဝတ်အထည်များ ထုတ်လုပ်နိုင်ရေးမှာကြား

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့(ဒီဇင်ဘာ-၁၁) နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်) စက်ရုံခန်းမသို့ရောက်ရှိရာ စက်ရုံမှူးက လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဝတ်အထည်ထုတ်လုပ်မှုနှင့်ပတ်သက်သည့် ခေတ်မီနည်းပညာများရရှိရေး၊ ရှိပြီး နည်းပညာများ ဆင့်ပွားသင်တန်းများပေးရေး၊ ဝန်ထမ်းများ၏ ကျွမ်းကျင်တတ်မြောက်ထားသော ပညာရပ်များကို အကျိုးရှိရှိအသုံးပြုနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ရေး၊ ဝန်ကြီးဌာန များမှ မှာယူထားသည့်အထည်များကို အချိန်မီထုတ်လုပ်ပေးနိုင်ရေးနှင့် အရည်အသွေးစစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်ရေးဆွဲပြီး မီးငြိမ်းသတ်သည့် အထောက်အကူပြုပစ္စည်းများ

ပြည့်စုံစွာဖြည့်ဆည်းထားရေးတို့ကို မှာကြားသည်။

ယမန်နေ့ ညပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်)သို့ သွားရောက်ပြီး အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းနှင့် ဂျပန်နိုင်ငံ Tsuyatomo Co., Ltd. တို့ဖက်စပ်ကုမ္ပဏီထူထောင်၍ အထည်ဆေးဆိုးခြင်း ဆောင်ရွက်ရန်အတွက် စက်ပစ္စည်းများတပ်ဆင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ ကိုင်တွယ်မောင်းနှင်ခြင်း၊ ဆေးဆိုးသည့်နည်းပညာများရရှိရေး လေ့လာသင်ယူရန်၊ ပြည်တွင်းထုတ် အဝတ်အထည်များကို ပြည်သူလူထု ပိုမိုသုံးစွဲလာနိုင်ရေးအတွက် ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သည့် အဝတ်အထည်များထုတ်လုပ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ အဝတ်အထည်များ မြန်မြန်ဆန်ဆန် ထုတ်လုပ်နိုင်ရေးအတွက် စက်တပ်ဆင်ရေးလုပ်ငန်းများကို လျင်မြန်စွာဆောင်ရွက်ရန်၊ ခေတ်မီပြီး အများပြည်သူစိတ်ဝင်စားမှုရှိသည့် ပန်းရိုက်ထည်များ ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/33972

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မွေးမြူရေးပုလဲများကို လျာထားချက်ထက် ကျော်လွန်ထုတ်လုပ်မည်



https://www.myawady.net.mm/node/33919

ပြည်တွင်း၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မွေးမြူရေးပုလဲများကို လျာထားချက်ထက် ကျော်လွန်ထုတ်လုပ်မည်ဖြစ်ကြောင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမြင့်သူ၏ပြောကြားချက်အရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်တွင်း၌ စုစုပေါင်း ပုလဲအလေးချိန် ၆၉၉၅၀၀ မိုမီ ထုတ်လုပ်ရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဧပြီလမှ အောက်တိုဘာလ အထိ ခုနှစ်လတာကာလအတွင်း စုစုပေါင်းပုလဲ ၇၉၂၂၉၈ လုံး အလေးချိန်အားဖြင့် ၄၆၈၀၁၉ ဒသမ ၈၈ မိုမီ ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် လျာထားချက်၏ ၆၇ ရာခိုင်နှုန်းခန့် ထုတ်လုပ်နိုင်ခဲ့သည်။ ဆက်လက်၍ မွေးမြူရေးပုလဲများကို ဖော်ယူထုတ်လုပ်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အကုန်တွင် တစ်နှစ်လုံးလျာထားချက် ၁၀၀ ရာခိုင်နှုန်းထက် ကျော်လွန်ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ပုလဲမွေးမြူထုတ်လုပ်တဲ့ လုပ်ငန်းတွေကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုမှာ လုပ်ကိုင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ နိုင်ငံပိုင်နဲ့ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီတွေရဲ့ ပုလဲထုတ်လုပ်ရေးစခန်း တွေမှာ မုတ်ကောင်တွေကို သားဖောက်ပြီး အရွယ်ရောက်တဲ့အထိ မွေးမြူတာတွေ၊ ဝတ်ဆံသွင်းပြီးတော့ နှစ်နှစ်လောက်အထိ ထိန်းသိမ်းစောင့်ရှောက်တာတွေ ပြုလုပ်ပြီး မွေးမြူရေးပုလဲတွေ ထုတ်လုပ်နေတာဖြစ်ပါတယ်။ အခုဘဏ္ဍာနှစ်မှာတော့ လျာထားချက် ၁၀၀ ရာခိုင်နှုန်းထက် ကျော်လွန်အောင် ထုတ်လုပ်မှာဖြစ်ပါတယ်" ဟု ဦးမြင့်သူကပြောသည်။

ပုလဲမွေးမြူရာတွင် အရည်အသွေးမြင့် ပုလဲများထုတ်လုပ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် သန့်ရှင်းကောင်းမွန်ရန် အလေးထားဆောင်ရွက်ရသောကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်ကြောင်း၊ ထို့ပြင် ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများကို လူသားအရင်းအမြစ်၏ လုပ်အားဖြင့်ဆောင်ရွက်ရခြင်းဖြစ်ပြီး စက်စွမ်းအားများကို များစွာအသုံးပြုရန် မလိုအပ်ခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သကဲ့သို့ စက်ပစ္စည်းများအတွက် ကုန်ကျစရိတ်လည်း သက်သာစေကြောင်း သိရသည်။

ပုလဲမွေးမြူခြင်းသည် သဘာဝသယံဇာတအရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ခြင်းမဟုတ်ဘဲ သားဖောက်ခန်းအတွင်း မုတ်ကောင်များကို သားဖောက်၍ ထိုမုတ်ကောင်များကို သဘာဝပင်လယ်ပြင်၌ မွေးမြူကာ ပုလဲထုတ်လုပ်ခြင်းဖြစ်သည့်အတွက် ပြန်လည်ပြည့်ဖြိုးမြဲ သယံဇာတကို ထုတ်လုပ်ခြင်းဖြစ်ပြီး အဆိုပါသယံဇာတများမှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/33919

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပြည်ပသို့ချုပ်ပြီးအထည်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၁၃၆၃ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဝင်ငွေရရှိမှု ၆၃ ရာခိုင်နှုန်းမြင့်တက်



https://news-eleven.com/article/241586

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပြည်ပသို့ ချုပ်ပြီးအထည် တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၁၃၆၃ သန်းကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဝင်ငွေရရှိမှု ၆၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်သည် ဧပြီမှမတ်လအထိဖြစ်သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်ဖြစ်သည့် ၂၀၂၂ ခုနှစ် ဧပြီမှဇွန်လအတွင်း ပြည်ပသို့ ချုပ်ပြီးအထည် တင်ပို့မှုမှဝင်ငွေ ဒေါ်လာ ၁၃၆၃ ဒသမ ၉ သန်း ရရှိခဲ့သည်။ ယခင်နှစ်ဖြစ်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တတိယသုံးလပတ်ကာလဖြစ်သည့် ၂၀၂၁ ခုနှစ် ဧပြီမှ ဇွန်လအတွင်း ဒေါ်လာ ၈၃၆ ဒသမ ၅ သန်းရရှိခဲ့သည်။ အဆိုပါ ပထမသုံးလပတ်ကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၂-၂၀၂၃ ပထမသုံးလပတ်ကာလမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၅၂၇ သန်းကျော်၊ ရာခိုင်နှုန်းအားဖြင့် ၆၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ Mini Budget ခြောက်လအတွင်း ပြည်ပသို့ချုပ်ပြီးအထည် တင်ပို့မှုမှ ဒေါ်လာ ၂၂၂၉ သန်းကျော်ရရှိခဲ့ပြီး လအလိုက်တင်ပို့မှုအနေဖြင့် ဒီဇင်ဘာလတွင် အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ Mini Budget ခြောက်လအတွင်းလအလိုက် ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုအနေဖြင့် အောက်တိုဘာတွင် ဒေါ်လာ ၃၀၂ ဒသမ ၉ သန်း၊ နိုဝင်ဘာတွင် ၃၃၇ ဒသမ ၉ သန်း၊ ဒီဇင်ဘာတွင် ၄၁၄ ဒသမ ၃ သန်း၊ ဇန်နဝါရီတွင် ၄၁၀ ဒသမ ၃ သန်း၊ ဖေဖော်ဝါရီတွင် ၃၆၀ ဒသမ ၆ သန်း၊ မတ်လတွင် ဒေါ်လာ ၄၀၃ ဒသမ ၈ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၂၂၂၉ ဒသမ ၈ သန်းရရှိခဲ့ကြောင်း သိရသည်။

လအလိုက် ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် ဒေါ်လာ ၂၁၇ ဒသမ ၂ သန်း၊ မတ်တွင် ဒေါ်လာ ၂၆၈ သန်း၊ ဧပြီတွင်ဒေါ်လာ ၂၃၈ ဒသမ ၇ သန်း၊ မေတွင်ဒေါ်လာ ၂၇၈ ဒသမ ၅ သန်း၊ ဇွန်တွင် ဒေါ်လာ ၃၁၉ ဒသမ ၃ သန်း၊ ဇူလိုင်တွင်ဒေါ်လာ ၃၁၀ ဒသမ ၇ သန်း၊ ဩဂုတ်တွင်ဒေါ်လာ ၄၂၄ ဒသမ ၅ သန်း၊ စက်တင်ဘာတွင် ဒေါ်လာ ၃၇၈ ဒသမ ၃ သန်း၊ အောက်တိုဘာတွင် ဒေါ်လာ ၃၀၂ ဒသမ ၉ သန်း၊ နိုဝင်ဘာတွင်ဒေါ်လာ ၃၃၇ ဒသမ ၉ သန်း၊ ဒီဇင်ဘာတွင် ဒေါ်လာ ၄၁၄ ဒသမ ၃ သန်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ဒေါ်လာ ၄၁၀ ဒသမ ၃ သန်း၊ ဖေဖော်ဝါရီတွင် ၃၆၀ ဒသမ ၆ သန်း၊ မတ်တွင် ၄၀၃ ဒသမ ၈ သန်း ရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဂျပန်၊ တရုတ်၊ ကိုရီးယား၊ EU နိုင်ငံတို့မှ CMP စနစ်ဖြင့် အော်ဒါအမိက မှာယူနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှသိရသည်။

၂၀၁၈ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းကို လေ့လာ ကြည့်ပါက အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံသို့ ဒေါ်လာသန်း ၉၃၀၊ ယူကေသို့ ဒေါ်လာ ၃၂၃ သန်း၊ စပိန်နိုင်ငံသို့ ဒေါ်လာ ၂၉၄ သန်း၊ ပြင်သစ်နိုင်ငံသို့ ဒေါ်လာ ၂၆၆ သန်း၊ ဒိန်းမတ်နိုင်ငံသို့ ဒေါ်လာ ၁၅၈ သန်း၊ အီတလီနိုင်ငံသို့ဒေါ်လာ ၁၅၇ သန်း၊ နယ်သာလန်နိုင်ငံသို့ ဒေါ်လာ ၁၄၅ သန်းအထိ တင်ပို့ထားခြင်းဖြစ်သည်။

အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံအနက် ဂျပန်နိုင်ငံသို့ဒေါ်လာ ၈၃၄ သန်း၊ ကိုရီးယားသို့ဒေါ်လာ ၃၉၉ သန်း၊ အမေရိကန်နိုင်ငံသို့ ဒေါ်လာ ၂၁၁ သန်းအထိတင်ပို့ထားသည်။ မြန်မာနိုင်ငံအနေဖြင့် အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုကို လေ့လာကြည့်ပါက ၂၀၁၀ ခုနှစ်တွင် ဒေါ်လာ ၃၃၇ သန်းသာရရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိမြင့်တက်လာခဲ့ပြီး ဒေါ်လာ တစ်ဘီလီယံနီးပါးအထိ ရောက်ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုသည် ဒေါ်လာ ၁ ဒသမ ၄၆ ဘီလီယံအထိရှိလာပြီး မြန်မာနိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းအထိရှိလာခဲ့သည်။

Source: https://news-eleven.com/article/241586

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရုတ်ယွမ်ဖြင့် ရောင်းချသည့် ဆန်တန်ချိန် ၂ သိန်းကို ၄ လအတွင်းတင်ပို့မည်



https://www.foodindustrydirectory.com.mm

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် နှစ်သိန်းကို လေးလအတွင်း အပြီးတင်ပို့သွားမှာဖြစ်ပြီး ဆန်တစ်တန်ကို တရုတ်ယွမ်ဖြင့် ရောင်းချသွားမည် ဖြစ်ကြောင်းသိရသည်။ မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရအကြား ဆန်ကုန်သွယ်မှုဆိုင်ရာ G to G အစီအစဉ်အရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီ ၄၈ ခုက ဆန်တန်ချိန် နှစ်သိန်းကို တင်ပို့မည်ဖြစ်သည်။ ဆန်များကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်တင်ပို့ခဲ့ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလနောက်ဆုံးထားပြီး အပြီးတင်ပို့သွားမည်ဟု သိရသည်။

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ နှစ်စဉ်ဆန်ဖြူတန်ချိန် နှစ်သိန်းခွဲနှင့် ပေါင်းဆန်တန်ချိန် ငါးသောင်းအထိ တင်ပို့ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

Source MDN

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5434-rice-to-bangladesh.html

## မန္တလေးကုန်စည်ဒိုင်၏ ကုလားပဲဈေး ယခင်လထက်မြင့်တက်လာ

မန္တလေးကုန်စည်ဒိုင်သို့ နောက်လာမည့် ဖေဖော်ဝါရီလလယ်လောက်တွင် ကုလားပဲများနှင့် ပဲမျိုးစုံအသစ်များ လှိုင်လှိုင် ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ ကုလားပဲအသစ်များ မထွက်သေးသော်လည်း ကုလားပဲရွက်များခူး၍ ဈေးများတွင် ရောင်းချနေကြပြီး လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ လက်လီတစ်ဆယ်သား ကျပ် ၅၀၀-၆၀၀ ဖြင့် ရောင်းချနေကြသည်ကို သိရသည်။

**ကုလားပဲဖြူလုံးကြီး(V-2)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၉၀၀၀၀ မှ ၁၉၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၈၈၀၀၀၊ ယခင်လ ကျပ် ၁၂၃၀၀၀ မှ ၁၂၄၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၄၀၀၀၊ ယခင်လထက် ကျပ် ၆၇၀၀၀ မှ ၆၈၀၀၀ မြင့်တက်လာသည်။

**ကုလားပဲဖြူလုံးကြီး(V-7)**၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၉၀၀၀၀ မှ ၁၉၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၈၈၀၀၀၊ယခင်လ ကျပ် ၁၂၃၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၄၀၀၀၊ ယခင်လထက် ကျပ် ၆၇၀၀၀ မှ ၆၉၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ (ထိုင်ဝမ်)** ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၆၄၀၀၀ မှ ၁၆၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၆၅၀၀၀ မှ ၁၆၇၀၀၀၊ ယခင်လ ကျပ် ၁၁၈၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ မှ ၂၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၄၆၀၀၀ မှ ၄၇၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ(929)** ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၇၅၀၀၀ မှ ၁၇၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၅၀၀၀ မှ ၁၇၆၀၀၀၊ ယခင်လ ကျပ် ၁၁၅၀၀၀ မှ ၁၁၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက် ကျပ် ၆၀၀၀၀ မြင့်တက်လာသည်။

Source: ရတနာပုံကုန်သွယ်မှုဇုန်ဌာန

# STOCK EXCHANGE (12.12.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Dec. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +300 | +3.37% | 9,000 | 9,200 | 9,000 | 1,153 | 10,490,600 | 33,109,694 | 304,609 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,350 | 3,400 | 3,350 | 1,486 | 4,978,350 | 38,929,150 | 132,359 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,700 | 7,700 | 7,600 | 6 | 45,900 | 10,400,986 | 79,048 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,500 | 19,500 | 19,000 | 203 | 3,872,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,550 | -50 | -1.92% | 2,550 | 2,550 | 2,550 | 2 | 5,100 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | -100 | -3.70% | 2,600 | 2,600 | 2,600 | 3 | 7,800 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 100 | 490,000 | 10,497,598 | 51,438 |

## Market summary

As of 12th Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.85 | +4.60 | +1.16% | 397.25 | 401.85 | 397.25 | 2,953 | 19,889,750 | 7 | 699,063 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 12th Dec. 2022

| MYANPIX | 401.85 ▲ 4.60 |
|---|---|
| Total Volume (shares) | 2,953 |
| Total Value (MMK) | 20 mil |
| Listed Company | 7 |
| Market Cap. (MMK) | 699,063 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 300 |
| MTSH | 00002 | 3,400 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,550 | ▼ 50 |
| EFR | 00006 | 2,600 | ▼ 100 |
| AMATA | 00007 | 4,900 | ▲ 0 |